G ပင်စင် ထိပ်သို့

# 2 ဂန်ထမ်းပင်စင်

ဂန်ထမ်းပင်စင်သည် ကုမ္ပဏီ ဂန်ထမ်းစသည့်ဂန်ထမ်းများ က စနစ်ဂင်သည်။ ပြည်သူ့ပင်စင်ကို ဖြည့်စွက်ပြီး စနစ်ဂင်၏ ဂင်ငွေပေါ် မူတည်၍ အချိုး အစားကျ ခံစားခွင့်ရနိုင်သော ပင်စင်စနစ်ဖြစ်ပါသည်။

## 2-1 ဂန်ထမ်းပင်စင်စနစ်ဂင်ခြင်း

### (1) စနစ်ဂင်ခွင့်ရှိသူများ

ဝန်ထမ်းကျန်းမာရေးအာမခံနှင့်အလားတူ အမြဲတမ်းဝန်ထမ်းကို အသုံးပြုသည့် အဖွဲ့အစည်း၏ ရုံး၊ ၅ဦးထက်ပိုသည့် အမြဲတမ်းဝန်ထမ်းကို အသုံးပြုနေသည့် ကိုယ်ပိုင်လုပ်ငန်း၏ ရုံး (ဧည့်ဂေဟာ၊ စားသောက်ဆိုင်၊ ဆံပင်ညှပ်ဆိုင် စသည့် ဝန်ဆောင်မှုလုပ်ငန်းများမပါ။) များသည် ဂန်ထမ်းပင်စင်စနစ်တွင် မဖြစ်မနေ ဝင်ရမည်။ နိုင်ငံခြားသားများလည်း ဤစနစ်တွင် ဝင်ရပါမည်။ ထို့အပြင် အချိန်ပိုင်းဂန်ထမ်းဖြစ်သော်လည်း သီတင်းတစ်ပတ်အတွင်း အလုပ်ချိန်နှင့် တစ်လ အလုပ်လုပ်သည့် နေ့အရေအတွက်က အမြဲတမ်းဝန်ထမ်း၏ (၄)ပုံ(၃)ပုံထက်ပိုနေပါက ဤစနစ်ဂင်ရန် ဂတ္တရားရှိပါသည်။

### (2) စနစ်သို့ဝင်ရောက်ရန်လုပ်ဆောင်ပုံ

အလုပ်လုပ်နေသည့်ကုမ္ပဏီက စနစ်ဝင်သည့် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်မည်ဖြစ်သည်။ ကုမ္ပဏီ သို့မဟုတ် ပင်စင်ဌာန၌ မေးမြန်စုံစမ်းပါ။

### (3) ပင်စင်စုဆောင်းငွေပေးဆောင်ခြင်း

အလုပ်ရှင်နှင့် ကာယကံရှင်က ပင်စင်စုဆောင်းငွေကို တစ်ဂက်စီပေးဆောင်ပါသည်။ ပင်စင်စုဆောင်းငွေပမာဏ သည် လစာနှင့် ဆုကြေးငွေအနည်းအများပေါ်မူတည်၍ ပြောင်းလဲသွား ပါမည်။ပင်စင်စုဆောင်းငွေ သည် ကုမ္ပဏီ မှ တစ်ဆင့်ပေးဆောင်ပါသည်။ အသေးစိတ်သိရှိလိုပါက ကုမ္ပဏီ သို့မဟုတ် ပင်စင် ဌာန၌ မေးမြန်းစုံစမ်းပါ။